


mgyoe.com
mgyoe.com

mgyoe.com



ရာဇဝင်ကို
ကမ္ဘည်းတင်ကြည့်မလား
ဟံသာဝတီဟာ
အာဏာရှင်ကို ဆန့်ကျင်ခဲ့တာ...

သမိုင်းတစ်ခေတ်ကို
ဘယ်လို ထုဆစ်မလဲ
ဦးဝင်းတင်ရဲ့ ဟံသာဝတီဟာ
သံမဏိ အပြာပါ...

နောက်ဆုံးတော့
အာဏာရှင် ကျော့ရိုး
ရိုက်ချိုးခဲ့တာ
ဘယ်သူလဲ
အပြာထဲက အနီပါ။ ။

ဖျာပုံ နီလုံဦး

OT0031
2,500.00 KS

mgyoe.com

mgyoe.com

ပုံနှိပ်မှတ်တမ်း

– မျက်နှာဖုံးပန်းချီ
တင်ထွဏ်း

– ထုတ်ဝေသူ
ဒေါ်အိဝတ်ရည်ထွန်း၊
DUTY(ဂျူတီ)စာပေ(၀၂၀၇၇)
အမှတ်(၄၉၉)၊ ၆-လွှာ(က)၊ ဓမ္မာရုံလမ်း၊
(၁၀) ရပ်ကွက်၊ လှိုင်မြို့နယ်။

– ပုံနှိပ်သူ
ဦးစန်းဦး၊
SKCC Press (၀၀၄၁၃)
၆၇၊ ၁၆၄ လမ်း၊ တာမွေ။
၂၀၂၀၊ ဖေဖော်ဝါရီလ၊ ပထမအကြိမ်။

– အုပ်ရေ
၅၀၀

– တန်ဖိုး
၂၅၀၀ ကျပ်

mgyoe.com

mgyoe.com

## မာတိကာ


- ❑ စာရေးသူရဲ့ ရှေးဦးစကား (က)
- ❑ ငယ်သူငယ်ချင်း ကဗျာဆရာဖျာပုံနီလုံဦးအတွက် အမှာစာ (ဆရာထက်မြက်) (ဂ)
- ■ အမှတ်တရ ဓာတ်ပုံ မှတ်တမ်းများ ၁
- ■ ဦးဝင်းတင် အမှတ်တရ ကဗျာများ
  - မှတ်တိုင် (သို့မဟုတ်) တန်ဖိုး ၂၅
  - သံမဏိသူရဲကောင်း သတင်းစာဆရာ ၂၆
  - မဟာသူရဲကောင်း သတင်းစာဆရာ ၂၈
  - အာဏာရှင်ထောင်နှင့် ဟံသာဝတီဦးဝင်းတင် ၃၀
  - တိုက်ပွဲပျော် မဟာသတင်းစာဆရာ ၃၂
- ■ အမှတ်တရ ဆောင်းပါးများ

၁။ မိမိ၊ ဟံသာဝတီဦးဝင်းတင်နှင့် နိုင်ငံရေးခရီး (၁) ၃၅

၂။ မိမိ၊ ဟံသာဝတီဦးဝင်းတင်နှင့် နိုင်ငံရေးခရီး (၂) ၄၂

၃။ မိမိ၊ ဟံသာဝတီဦးဝင်းတင်နှင့် နိုင်ငံရေးခရီး (၃) ၄၈

၄။ မိမိ၊ ဟံသာဝတီဦးဝင်းတင်နှင့် နိုင်ငံရေးခရီး (၄) ၅၄

၅။ မိမိ၊ ဟံသာဝတီဦးဝင်းတင်နှင့် နိုင်ငံရေးခရီး (၅) ၅၉

၆။ မိမိ၊ ဟံသာဝတီဦးဝင်းတင်နှင့် နိုင်ငံရေးခရီး (၆) ၆၅

၇။ မိမိ၊ ဟံသာဝတီဦးဝင်းတင်နှင့် နိုင်ငံရေးခရီး (၇) ၇၃

၈။ မိမိ၊ ဟံသာဝတီဦးဝင်းတင်နှင့် နိုင်ငံရေးခရီး (၈) ၈၁

၉။ မိမိ၊ ဟံသာဝတီဦးဝင်းတင်နှင့် နိုင်ငံရေးခရီး (၉) ၈၇


mgyoe.com

mgyoe.com

၁၀။ မိမိနှင့် အင်န်အယ်လ်ဒီအရေးတော်ပုံတပ်သား (၁) ၉၆
၁၁။ မိမိနှင့် အင်န်အယ်လ်ဒီအရေးတော်ပုံတပ်သား (၂) ၁၀၄
၁၂။ မိမိနှင့် အင်န်အယ်လ်ဒီအရေးတော်ပုံတပ်သား (၃) ၁၁၂
၁၃။ မိမိနှင့် အင်န်အယ်လ်ဒီအရေးတော်ပုံတပ်သား (၄) ၁၂၁
၁၄။ မိမိနှင့် အင်န်အယ်လ်ဒီအရေးတော်ပုံတပ်သား (၅) ၁၂၆
၁၅။ မိမိနှင့် အင်န်အယ်လ်ဒီအရေးတော်ပုံတပ်သား (၆) ၁၃၃
၁၆။ သံဃာ့သူရဲကောင်း သတင်းစာဆရာကြီး
ဟံသာဝတီဦးဝင်းတင်နှင့် ကျွန်တော် ၁၄၃


- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် စတင်တည်ထောင်ခဲ့သူ သဘာပတိအဖွဲ့ဝင်၊ သတင်းစာဆရာ၊ စာရေးဆရာ ဟံသာဝတီဦးဝင်းတင် (၁၉၃၀–၂၀၁၄) ၏ ကိုယ်ရေးအတ္ထုပ္ပတ္တိ ၁၅၀
- သတင်းစာဆရာကြီး ဟံသာဝတီဦးဝင်းတင် ရရှိခဲ့သော ဆုတံဆိပ်များ ၁၅၆
- ဟံသာဝတီဦးဝင်းတင် ရေးသားပြုစုခဲ့သောစာအုပ်များ ၁၅၇
- စာရေးသူ၏ ကိုယ်ရေးအတ္ထုပ္ပတ္တိအကျဉ်း ၁၅၉

×××

mgyoe.com

mgyoe.com

## အမှတ်တရ ဓာတ်ပုံမှတ်တမ်းများ




ထောင်မှလွတ်မြောက်ပြီးနောက် အဖွဲ့ချုပ်ရုံးရှေ့တွင် (၂၇၊ စက်တင်ဘာ၊ ၂၀၀၈)နေ့.

mgyoe.com

mgyoe.com




ကရင်ပြည်နယ်၊ ဘားအံမြို့၊ တောင်ကလေးဆရာတော် တောမှီရဟန်း
(စာရေးဆရာ အဲခိုး) ဆရာတော် ဘဒ္ဒန္တပညာသာမိထံ သွားရောက်ကန်တော့စဉ်။
ဦးဝင်းတင်၊ ဖျာပုံနီလုံဦး၊ ဒေါ်နန်းခင်ထွေးမြင့် (ကရင်ပြည်နယ်ဝန်ကြီးချုပ်)တို့နှင့်အတူ။



၂၇-၅-၂၀၁၀ ရက်၊ NLD ရွေးကောက်ပွဲ အနိုင်ရရှိသည့် နှစ် ၂၀ မြောက်
နှစ်ပတ်လည်နေ့တွင် ဒုတိယဥက္ကဋ္ဌ ဦးတင်ဦးနေအိမ်၌ အမှတ်တရ။
[ ဝဲမှယာ- ဦးဝင်းတင်၊ ဖျာပုံနီလုံဦး(ဥက္ကဋ္ဌ-ဗဟန်း)၊ ဦးတင်ဦး(CEC) ]

mgyoe.com

mgyoe.com




၉-၅-၁၁ နေ့နံနက်
အောင်ပန်းမြို့၊ မြတ်မနောတည်းခိုရိပ်သာတွင် အမှတ်တရ
(ဒဂုန်တာရာ မွေးနေ့ခရီးစဉ်)



၈-၅-၂၀၁၁ ရက်ည ရန်ကုန်-တောင်ကြီးသွား ရွှေမန္တလာကားပေါ်တွင်
ရှေ့တန်းဝဲမှယာ ဦးအုန်းမောင်၊ ဦးဝင်းတင်။ နောက်တန်း ကိုမိုးထွန်း၊ စာရေးသူ။

mgyoe.com

mgyoe.com




လူထုဦးလှ နှစ် ၁၀၀ ပြည့် အမှတ်တရ (မန္တလေး)



လူထုဦးလှ နှစ် ၁၀၀ ပြည့် အမှတ်တရ (မန္တလေး)
ဝဲမှယာ- စာရေးသူ ဖျာပုံနီလုံဦး၊ ဦးအုန်းကြိုင် (CEC)၊ ဦးဝင်းတင်(နာယက)၊
ဦးသိန်းတန် (နာယက၊ မန္တလေး)

mgyoe.com

mgyoe.com




အောင်ပန်းမြို့နယ် နေအိမ်တွင် ဒဂုန်တာရာ၊ ဦးဝင်းတင်နှင့် ဖျာပုံနီလုံဦး




မြောက်ဥက္ကလာပမြို့နယ်၊ ဇ ရပ်ကွက် ရုံးဖွင့်ပွဲတွင်။
ဝဲမှယာ- မုံရွာအောင်ရှင်၊ ဦးဝင်းတင်၊ ဖျာပုံနီလုံဦး

mgyoe.com

mgyoe.com




လူထုဦးလှ နှစ် ၁၀၀ ပြည့် အမှတ်တရ (မန္တလေး)
ဦးဝင်းတင်၊ ဖျာပုံနီလုံဦးနှင့် မန္တလေးအဖွဲ့များ



လူထုဦးလှ နှစ် ၁၀၀ ပြည့် အမှတ်တရ (မန္တလေး)

mgyoe.com

mgyoe.com






အဖွဲ့ချုပ်တွင် ကျင်းပသော လူထုဦးလှ နှစ် ၁၀၀ ပြည့် အမှတ်တရပွဲတွင်
ဆရာဦးဝင်းတင် စကားပြောနေစဉ်။
ဝဲမှယာ- ဦးအောင်ကြည်ညွန့်၊ သခင်စိုးမြင့်(ကွယ်လွန်)နှင့် ဖျာပုံနီလုံဦး၊
ဦးအုန်းကြိုင်၊ ကိုအေးနိုင်(လူငယ်)




NLD လူငယ်စာဖတ်ဝိုင်းတွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်
ဦးသန့်(ရာပြည့်အမှတ်တရ) စကားပြောကြားနေစဉ်။ ဦးဝင်းတင်နှင့် ဖျာပုံနီလုံဦး။

mgyoe.com

mgyoe.com






ထောင်ကလွတ်လာပြီး လူငယ်စာဖတ်ဝိုင်းများ ကျင်းပခဲ့ရာ လူထုဦးလှ နှစ် ၁၀၀ ပြည့် အမှတ်တရ စာဖတ်ဝိုင်းတွင် ဦးဝင်းတင် အမှာစကား ပြောကြားနေစဉ်။
ဦးအောင်ကြည်ညွန့်(ယခု CEC)၊ ဦးစိုးမြင့်(CEC ကွယ်လွန်)၊
ဖျာပုံနီလုံဦး(အခမ်းအနားမှူး)၊ ဦးအုန်းကြိုင်(CEC)၊
ဦးအေးနိုင်(လူငယ်ဗဟို၊ ယခုပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)




ဝဲမှယာ - မုံရွာအောင်ရှင်၊ ရာဇာ၊ ဟံသာဝတီဦးဝင်းတင်၊ ဖျာပုံနီလုံဦး၊
ခင်မောင်ကြည်(ဝါရင့်)၊ ကိုငြိမ်းသစ်

mgyoe.com

mgyoe.com





ဝဲမှယာ - မိုးရွာအောင်ရှင်၊ ဟံသာဝတီဦးဝင်းတင်၊ ဖျာပုံနီလုံဦး၊
ခင်မောင်ကြည်(ဝါရင့်)



ဒေါ်ပုံမြို့နယ်၊ မြို့သစ်ရပ်ကွက်၊ ရုံးခန်းဖွင့်ပွဲနှင့် ဆိုင်းဘုတ်တင်ပွဲ အခမ်းအနား။

mgyoe.com

mgyoe.com





ဗဟန်းမြို့နယ် ဗိုလ်ချို(၁)ရပ်ကွက်တွင် ဦးတင်ဦး (စကားပြောနေစဉ်)၊
ဦးဝင်းတင်နှင့် ဖျာပုံနီလုံဦး



ဒေါပုံမြို့နယ်၊ မြို့သစ်ရပ်ကွက်၊ ရုံးခန်းဖွင့်ပွဲနှင့် ဆိုင်းဘုတ်တင်ပွဲအခမ်းအနားမှ
ဝဲမှယာ - ဦးကြည်လွင်(အရှေ့ပိုင်းခရိုင်ဥက္ကဋ္ဌ)၊ ဦးဝင်းတင်(သဘာပတိ)၊
ဖျာပုံနီလုံဦး(ဗဟန်းဥက္ကဋ္ဌ၊ ဗဟိုကော်မတီ)
(ဦးဝင်းတင် နောက်ဆုံးတက်ရောက်ခဲ့သော အခမ်းအနား)

mgyoe.com

mgyoe.com




တောင်ဥက္ကလာပမြို့နယ်၊ ၆ ရပ်ကွက် ဆိုင်းဘုတ်တင်ပွဲနှင့် ရုံးခန်းဖွင့်ပွဲ အခမ်းအနား
သဘာပတိ ဦးဝင်းတင်၊ ဖျာပုံနီလုံဦး (အမှာစကားပြောနေပုံ)၊
ဦးချစ်ခင် (တောင်ဥက္ကလာ ဥက္ကဋ္ဌ၊ ကွယ်လွန်)




ဆရာစံမြောက်အနောက်ရပ်ကွက် ရပ်/ကျေး ဆိုင်းဘုတ်တင် ရုံးခန်းဖွင့်ပွဲ နာယက ဦးတင်ဦး၊ သဘာပတိ ဦးဝင်းတင်၊ ဒီလှိုင်း အမှုဆောင်အယ်ဒီတာ ဖျာပုံနီလုံဦး တို့ တက်ရောက်။ ဦးတင်ဦး၊ ဖျာပုံနီလုံဦးတို့မှ အမှာစကားပြောကြား(၃၀-၉-၁၅)

mgyoe.com

mgyoe.com





ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက် ရုံးခန်းဖွင့်ပွဲတွင်
ဦးဝင်းတင်နှင့် ဖျာပုံနီလုံဦး



ဗဟန်းမြို့နယ်၊ ဆရာစံမြောက်/အနောက်ရပ်ကွက် ရုံးခန်းနှင့် ဆိုင်းဘုတ်တင်ပွဲ ဝဲမှယာ- ဒုလူ ဦးကြည်မောင် (ဗဟန်းဒုဥက္ကဋ္ဌ)၊ ကိုဘိုဘိုဦး (ယခု စမ်းချောင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)၊ ဦးဝင်းတင်၊ ဦးတင်ဦး (သဘာပတိအဖွဲ့ဝင်)၊ ဖျာပုံနီလုံဦး (ဗဟန်းဥက္ကဋ္ဌ၊ ဗဟိုကော်မတီ)နှင့် ရပ်/ကျေးအဖွဲ့ဝင်များ။

mgyoe.com

mgyoe.com





ဗဟန်းမြို့နယ်၊ ဆရာစံတောင်ရပ်ကွက် ရုံးခန်းဖွင့်ပွဲတွင်
ဝဲမှယာ- ဦးကြည်လွင်၊ ဖျာပုံနီလုံဦး၊ ဦးဝင်းတင်၊ ဦးအောင်သိန်း (စာရင်းစစ်၊ ကွယ်လွန်)၊ ဒေါ်ဖြူဖြူသင်း (မင်္ဂလာတောင်ညွန့်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)



ဗဟန်းမြို့နယ် ဗိုလ်ချုပ်(၁)ရပ်ကွက် ရုံးခန်းဖွင့်ပွဲတွင်
ဦးတင်ဦး၊ ဦးဝင်းတင်၊ ဦးဝင်းထိန်၊ ဖျာပုံနီလုံဦး(နောက်တန်း)

mgyoe.com

mgyoe.com




ဒေါ်ပုံမြို့၊ မြို့သစ်ရပ်ကွက် ဆိုင်းဘုတ်တင်ပွဲမှ (၁၉-၁-၁၄)
ဦးကြည်လွင် (ရွှေပိုင်းခရိုင်ဥက္ကဋ္ဌ)၊ ဦးဝင်းတင်၊ ဖျာပုံနီလုံဦး




ဒေါ်ပုံမြို့၊ မြို့သစ်ရပ်ကွက် ရုံးခန်းဖွင့်ပွဲမှ
ကိုဇော်မျိုးအောင်(ဗဟန်း)၊ ဦးဝင်းတင်၊ ကျော်ကျော်လင်း(ကွယ်လွန်)

mgyoe.com

mgyoe.com




တောင်ဥက္ကလာ ရုံးခန်းဖွင့်ပွဲတွင် NLD အဖွဲ့ဝင်တစ်ဦးမှ
ဦးဝင်းတင်နှင့် ဖျာပုံနီလုံဦးအား အမှတ်တရ အော်တိုရေးခိုင်းနေစဉ်



ရှေ့တန်း ဝဲမှယာ– ဦးတင်ဦး၊ သခင်စိုးမြင့် (ရန်ကုန်တိုင်းဥက္ကဌ၊ ကွယ်လွန်)၊
ကိုမောင်ကြီး (အိမ်မဲဥက္ကဌ)၊ ဦးဝင်းတင်၊ ဖျာပုံနီလုံဦး

mgyoe.com

mgyoe.com




ဟံသာဝတီဦးဝင်းတင်က အလှူရှင်တစ်ဦးအတွက် ဂုဏ်ပြုမှတ်တမ်းလွှာကို
ဖျာပုံနီလုံဦးအား ပေးအပ်နေစဉ်။
ဘေးမှ မောင်မိုးသူ၊ ဦးမောင်မောင်ခင်



ရှေ့တန်းဝဲမှယာ- ဦးဝင်းတင်၊ ကဗျာဆရာကြည်အောင်၊
ကိုလေး(အင်းဝဂုဏ်ရည်)၊ ဖျာပုံနီလုံဦး

mgyoe.com

mgyoe.com






ရန်ကုန်တိုင်း လူမှုအထောက်အကူအဖွဲ့အမှတ်တရတွင် ရှေ့တန်းဝဲမှယာ ဦးနိုင်းနိုင်း၊ ဦးတင်ဦး၊ ဒေါ်အောင်ဆန်းစုကြည်၊ ဦးဝင်းတင်၊ ဒေါ်ခင်သန်းလှ။ နောက်တန်းတွင် ဒေါက်တာမေဝင်းမြင့်၊ ဖျာပုံနီလုံဦး၊ ဒေါက်တာမျိုးအောင်၊ ဦးလှသိန်း(တာမွေ)




အကျဉ်းကျနိုင်ငံရေးသမားများ၏ သားသမီးများအား ပညာရေးရန်ပုံငွေ ထောက်ပံ့ပေးအပ်ပွဲအပြီးတွင် အမှတ်တရ။
ရှေ့တန်း– ဦးတင်ဦး၊ သခင်စိုးမြင့်၊ ဦးဝင်းတင်၊ ဖျာပုံနီလုံဦး

mgyoe.com

mgyoe.com




သီရိမင်္ဂလာမဟာဓမ္မာရုံကျောင်းတိုက်တွင် ကျင်းပသည့် ဦးထိန်လင်း(ဗိုလ်တထောင်)
ကွယ်လွန်ခြင်း လေးနှစ်ပြည့် ဆွမ်းကျွေးအလှူပွဲတွင် ဖျာပုံနီလုံဦး၊
ပြည်သွေးနိုင်၊ ဆရာဦးဝင်းတင်၊ ဦးချစ်လှိုင် (၄-၁၁-၀၈)



ဆရာကြီးဦးဝင်းတင်နှင့် စာရေးသူ ဖျာပုံနီလုံဦး ရုံးဖွင့်ပွဲအခမ်းအနားတစ်ခုတွင်
အမှတ်တရ

mgyoe.com

mgyoe.com




၈၈ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဟောပြောပွဲအပြီး
ကဗျာဆရာကြည်အောင်၊ ကိုလေး(အင်းဝဂုဏ်ရည်)တို့နှင့်အတူ



ဝဲမှယာ - ဒေါက်တာခင်မောင်ဝင်း၊ ဖျာပုံနီလုံဦး၊ ဦးဝင်းတင်၊ ရွှေရိုဝင်း၊
ရှုမဝဦးကျော် ရာပြည့်ပွဲအမှတ်တရ ယုဇနဂါးဒင်းတွင်

mgyoe.com

mgyoe.com




၂-၁၀-၀၈၊ ၃၆ လမ်းရှိ
အန်ကယ် သခင်သိန်းမောင် (ဝါးခယ်မ) တိုက်ခန်းတွင် ဆရာဦးဝင်းတင်၊
ဖျာပုံနီလုံဦး၊ မောင်ဝံသနှင့် အမှတ်တရ စာပေရဲဘော်တချို့



ဒေါ်အောင်ဆန်းစုကြည် ၆၅ နှစ်မွေးနေ့အမှတ်တရ ချိုးငှက်လွှတ်နေစဉ်
ဒေါက်တာမေဝင်းမြင့်၊ ဦးဝင်းတင်၊ ဖျာပုံနီလုံဦး

mgyoe.com

mgyoe.com





၂၇-၉-၂၀၀၈ ရက်၊ NLD ဖွဲ့စည်းသည့် နှစ် ၂၀ မြောက် နှစ်ပတ်လည်နေ့တွင် လွတ်မြောက်လာသော ဦးဝင်းတင် အဖွဲ့ချုပ်ရုံးသို့ ပထမဆုံး တက်ရောက်လာစဉ်။ စာရေးသူနှင့် နောက်မှ ဦးအုန်းကြိုင် (CEC) တို့ ဖြစ်သည်။




ဒေါ်ပုံ၊ မြို့သစ်ရပ်ကွက်ရုံးတွင်
ဦးဝင်းတင်၊ ဖျာပုံနီလုံဦး၊ ကိုကြည်လွင် (အရှေ့ပိုင်းခရိုင်ဥက္ကဋ္ဌ)

mgyoe.com

mgyoe.com

ဒီလှိုင်းစာစောင်ဝန်ထမ်းများက NLD စတင်တည်ထောင်သူ သုံးဦးအား ကန်တော့စဉ်
ဒေါ်အောင်ဆန်းစုကြည်မှ ဩဝါဒပြောကြားနေပုံ။
ဦးဝင်းတင်၊ ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦး



သန်လျင်မြို့နယ် အခမ်းအနားတစ်ခုတွင်
ဦးဝင်းတင်၊ ဖျာပုံနီလုံဦး၊ ဦးမောင်မောင်ကြီး (အိမ်မဲ) တို့ အမှတ်တရ

mgyoe.com

mgyoe.com




အကျဉ်းထောင်မှ လွတ်မြောက်လာပြီး အဖွဲ့ချုပ်ရုံးရှေ့တွင်
ဦးဝင်းတင်နှင့် ဖျာပုံနီလုံဦး




ဂျပန်နိုင်ငံ ငလျင်နှင့် ဆူနာမီလှိုင်းဒဏ်သင့် ပြည်သူများအတွက်
ကဗျာရွတ်ပွဲတွင် ဆရာဦးဝင်းတင် အမှတ်တရစကား ပြောကြားနေစဉ်

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com



## စာရေးသူရဲ့ ရှေးဦးစကား

ကျေးဇူးကို အမှန်တရားဖြင့် ဆပ်မယ်၊
ကျေးဇူးကို ယုံကြည်မှုဖြင့် ဆပ်မယ်။

၁၉၈၅ မှာ စာရေးဆရာ၊ သတင်းစာဆရာ ဆရာဦးဝင်းတင်ကို ဆရာပါရဂူမှတစ်ဆင့် သိကျွမ်းခင်မင်ခဲ့ရပါသည်။

၁၉၈၈၊ ဒီမိုကရေစီအရေးတော်ပုံ စာနယ်ဇင်းလှုပ်ရှားမှုမှာ ဆရာနှင့်အတူ လက်တွဲပါဝင်ခဲ့သည်။

၁၉၈၈၊ အောက်တိုဘာလမှာ ဆရာ့ကူညီမှုဖြင့် ဗဟန်းမြို့နယ် NLD အဖွဲ့ဝင်စုဆောင်းရေး တာဝန်ကို ဒေါ်အောင်ဆန်းစုကြည် လက်မှတ်နှင့် ဝိုင်းဝန်းဆောင်ရွက်ခဲ့ပြီး NLD အဖွဲ့ဝင်ဖြစ်ခဲ့သည်။

စာပေနယ်တွင် ဆရာဦးဝင်းတင်၏ ကူညီရိုင်းပင်းမှု စိတ်ဓာတ်နှင့် ဂုဏ်သိက္ခာကို အားကျခဲ့။

နိုင်ငံရေးလောကတွင်လည်း ဆရာ၏ ရဲဘော်ရဲဘက်စိတ်ဓာတ်၊ ကိုယ်ကျိုးစွန့် အနစ်နာခံမှုစိတ်ဓာတ်၊ နိုင်ငံရေးကျင့်ဝတ်သိက္ခာ၊ စစ်အာဏာရှင်ဆန့်ကျင်ရေးစိတ်ဓာတ်၊ အားလုံးကို လေးစားခဲ့သည်။

၁၉၉၇ တွင် ကျွန်တော် ပထမအကြိမ် ထောင်ကျစဉ်ကလည်းကောင်း၊ ၂၀၀၀ တွင် ဒုတိယအကြိမ် ထောင်ကျစဉ်ကလည်းကောင်း အင်းစိန်ထောင်ထဲတွင် ဆရာနှင့် မကြာမကြာ တွေ့ဆုံခဲ့ရသည်။

mgyoe.com

mgyoe.com



ဆရာသည် ၂၀၀၈ ခုနှစ် ထောင်မှလွတ်လာပြီးနောက် အကျဉ်းကျခံနေရသော နိုင်ငံရေးသမားများ၏ မိသားစုများထံ သွားရောက်၍ သတင်းမေး၊ အားပေးစကားများ ပြောပြီး တတ်နိုင်သလောက် ငွေကြေးကူညီထောက်ပံ့ပေးရာတွင် ဆရာနှင့်အတူ လိုက်ပါခဲ့သည်။

NLD အဖွဲ့ချုပ် မြို့နယ်၊ ရပ်ကျေးရုံးခန်းများဖွင့်ရာတွင်လည်း ဆရာနှင့်အတူ လိုက်ပါခဲ့သည်။

၂၀၁၂ ခုနှစ်၊ ဒီလှိုင်းစာစောင်ထုတ်ဝေရာတွင် ဆရာ၏ သွန်သင်ညွှန်ကြားမှုအောက်တွင် တာဝန်ကျေစွာ အချိန်ပြည့်ဆောင်ရွက်ခဲ့ရင်း တာဝန်ခံအယ်ဒီတာအဖြစ် တာဝန်ယူခဲ့သည်။

၂၀၁၄၊ ဆရာကွယ်လွန်ပြီးနောက် ဆရာတည်ထောင်ခဲ့သည့် ဒီလှိုင်းစာစောင် Trend နှင့် ဆရာ့ယုံကြည်ချက်တွေနှင့်အတူ ကျွန်တော်လည်း ဒီလှိုင်းမှ လွှင့်စင်ခဲ့ပြီး ဝေးခဲ့ရသည်။

ဆရာ့စာပေကျေးဇူးနှင့် နိုင်ငံရေးကျေးဇူးများကို အောက်မေ့တသသောအားဖြင့် စံတော်ချိန်သတင်းစာတွင် အမှတ်တရ အခန်းဆက်ဆောင်းပါးများ ရေးသားခဲ့သည်။

ယခု ထိုဆောင်းပါးများကို တစ်စုတစ်စည်းတည်း ဆရာ့အတွက် ဂုဏ်ပြုအမှတ်တရစာအုပ်အဖြစ် ထုတ်ဝေလိုက်ပါသည်။

ဤစာအုပ်အတွက် ဆောင်းပါးများကို ဖော်ပြပေးသော စံတော်ချိန်နေ့စဉ်သတင်းစာအယ်ဒီတာအဖွဲ့၊ အမှာစာရေးပေးသော သူငယ်ချင်း စာရေးဆရာ ကိုထက်မြက်နှင့် စာအုပ်ဖြစ်မြောက်ရေးအတွက် စိတ်ကူးချိုချိုစာပေ တိုက်ပိုင်ရှင် ကိုစန်းဦးနှင့် မိသားစုအားလုံးကို ကျေးဇူးအနန္တတင်ရှိရပါကြောင်း။

**မျှာပုံနီလုံးဦး**

၂၇၊ ၁၂၊ ၂၀၁၉။

mgyoe.com

mgyoe.com



## ငယ်သူငယ်ချင်း ကဗျာဆရာဖျာပုံနီလုံဦးအတွက် အမှာစာ

၃၁၊ ၁၀၊ ၁၉ နေ့က ကျွန်တော့်ရဲ့ ငယ်သူငယ်ချင်းလည်းဖြစ်၊ စာရေးဖော်လည်းဖြစ်သူ ကိုအောင်မြင့် (ခ) ဖျာပုံနီလုံဦးတစ်ယောက် ကျွန်တော့်ထံ ရောက်လာသည်။

ကိစ္စကတော့ သူ့ရဲ့ စာအုပ်အတွက် အမှာစာ ရေးပေးရန်ဖြစ်သည်။ စံတော်ချိန်နေ့စဉ်သတင်းစာတွင် အခန်းဆက်ဖော်ပြခဲ့သော သူ့ရဲ့ "မိမိ၊ ဟံသာဝတီဦးဝင်းတင်နှင့် နိုင်ငံရေးခရီး" ဆောင်းပါးများကို တစ်လုံးတစ်စည်းတည်း စာအုပ်ပြန်ထုတ်ဖို့အတွက် ကျွန်တော့်အား အမှာစာ ရေးပေးရန် ကြိုတင်ပြောထားခြင်းကြောင့်ဖြစ်သည်။ ကျွန်တော်ကလည်း စံတော်ချိန်သတင်းစာပါ သူ့ဆောင်းပါးများကို ဖတ်ပြီးဖြစ်နေ၍ အလွယ်တကူ ရေးပေးဖို့ ကတိပေးထားခဲ့သည်။

ကိုအောင်မြင့် (ခ) ဖျာပုံနီလုံဦးနှင့် ကျွန်တော်တို့မှာ ၁၉၆၁ ခုနှစ်တွင် ဘားလမ်း (ယခု မဟာဗန္ဓုလပန်းခြံလမ်း)ရှိ နိုင်ငံတော်ကူးသန်းရောင်းဝယ်ရေးဘဏ် (ယခု မြန်မာနိုင်ငံခြားကုန်သွယ်မှုဘဏ် MFTB) တွင် အငယ်တန်းစာရေးအဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့ကြသူများ ဖြစ်သည်။ ဒီတုန်းက သူ့အသက်က ၁၉ နှစ်၊ ကျွန်တော်က ၂၂ နှစ်သာ ရှိသေးသည်။ သူက အလုပ်ဝင်ဝင်ချင်း နိုင်ငံတော်ကူးသန်းရောင်းဝယ်ရေးဘဏ် (နကဘ) ၏ လက်ရွေးစင်ဘောလုံးကစားသမားတစ်ဦးဖြစ်သွားသည်။ တတိယတန်းနှင့် စတုတ္ထတန်းများတွင် ပါဝင်ကစားနေသည်။ တစ်ဖက်မှလည်း စာပေ

mgyoe.com

mgyoe.com



ဝါသနာပါရာ ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုတိုလေးများကို ကြိုးကြားကြိုးကြား ရေးသားနေသည်။

အဲဒီလို အတူတကွ တစ်ရုံးတည်းတွင် လုပ်ကိုင်နေကြရင်း သူက ဒေးဒရဲမြို့သို့ ရာထူးတိုး ပြောင်းသွားရကြောင်း သိရသည်။ ကျွန်တော်က တော့ ရုံးတာဝန်တစ်ဖက်နှင့် နိုင်ငံရေးတစ်ဖက် ပါဝင်ပတ်သက်နေတာမို့ မကြာမကြာ ခေါ်ယူဖမ်းဆီး အထိန်းသိမ်းခံခဲ့ရပြီး နောက်ဆုံး ကိုကိုးကျွန်း သို့ အပို့ခံခဲ့ရသည့်အထိ ဖြစ်သွားသည်။ ကိုကိုးကျွန်းမှ ပြန်လွတ်လာသော အခါတွင် အလုပ်မှ အထုတ်ခံရပြီး စာပေလောကတွင် စာပေရေးသားခြင်း ဖြင့် ရပ်တည်နေခဲ့ရသည်။

နောက်နှစ်ပေါင်း ၂၀ ခန့်ကြာသောအခါ ၁၉၈၀–၈၁ တွင် ကိုအောင် မြင့် (ဖျာပုံနီလုံဦး)မှာ ဝန်ထမ်းဘဝမှ အငြိမ်းစားယူပြီး ပေဖူးလွှာမဂ္ဂဇင်း တွင် အယ်ဒီတာ၊ ချယ်ရီမဂ္ဂဇင်းကြီးများတွင် အယ်ဒီတာဝင်လုပ်နေကြောင်း ကြားသိရပြီး ကျွန်တော့်အား သူလုပ်နေသော မဂ္ဂဇင်းများတွင် ဆောင်းပါး များ ရေးပေးရန် ကမ်းလှမ်းလာသဖြင့် သူ့မဂ္ဂဇင်းများတွင် ကလောင်နာမည် နှစ်မျိုး (ထက်မြက်၊ မောရိယ) ဖြင့် ဝင်ရောက်ရေးပေးနေခဲ့သည်။

ထိုအချိန်က ၈၈ အရေးအခင်းဖြစ်ပြီးနောက် နိုင်ငံရေးမှာ စစ် အာဏာရှင်အောက်တွင် ပြားပြားဝပ် ကြောက်နေရပြီး စာပေရေးသားခွင့် မှာလည်း အများခေါ် စာပေကင်ပေတိုင်ရုံး (စာပေစိစစ်ရေး)၏ ဖြတ်ထုတ်သတ် စနစ်အောက်တွင် မင်သုတ်၊ ဖြဲဆုတ်၊ ဖြတ်တောက်ခြင်းခံနေရသော ကာလ ဖြစ်သည်။

စာရေးဆရာ၊ ကဗျာဆရာ၊ ကာတွန်းဆရာများသည် မိမိ၏ရေး သားမှုများတွင် စာပေကင်ပေတိုင်ရုံးမှ လွတ်မှ လွတ်ပါ့မလား၊ အယ်ဒီတာ များကလည်း မိမိဖော်ပြလိုက်သော စာမူများအပေါ် မင်သုတ်ဖြဲဆုတ်ခြင်းမှ လွတ်မှ လွတ်ပါ့မလား၊ ထုတ်ဝေသူများကလည်း မိမိထုတ်ဝေသော မဂ္ဂဇင်း၊ ဂျာနယ်များ အနာကင်းစင်ချောမောစွာ ထွက်နိုင်ပါ့မလား စသည့် သံသယ တောမှာ မောနေရသည်။

စစ်အာဏာရှင်အစိုးရသည် ပြည်သူနှင့် နိုင်ငံရေးသမား၊ စာပေ လောကသားများအပေါ် တင်းကျပ်စွာ ဖိနှိပ်ချုပ်ချယ်ထားသော အချိန်

mgyoe.com

mgyoe.com



ဖြစ်သည်။

ထိုအချိန်တွင် ကျွန်တော့်သူငယ်ချင်း ကိုအောင်မြင့် (ဖျာပုံနီလုံဦး) မှာ NLD ပါတီဝင်တစ်ဦးဖြစ်နေပြီး ဗဟန်းမြို့နယ်၏ ဥက္ကဋ္ဌတာဝန်များကို ထမ်းဆောင်နေကြောင်း ကြားသိရသည်။

၁၉၆၂–၆၃ ပတ်ဝန်းကျင်လောက်က ကျွန်တော်တို့ တစ်ရုံးတည်း အတူလုပ်နေကြစဉ် နိုင်ငံရေး (UG) လုပ်ကြရန် သူ့ကို စည်းရုံးစဉ်က ခေါင်းမာစွာ အကြိမ်ကြိမ်ငြင်းဆန်ခဲ့သူဖြစ်ပြီး ယခု ၁၉၈၈ ကျမှ နိုင်ငံရေးထဲ ခြေစုံပစ် ဝင်ခဲ့သဖြင့် အံ့ဩမိသည်။ သူ နိုင်ငံရေးထဲဝင်သွားပြီးနောက် စာပေလောကတွင် အယ်ဒီတာလုပ်ပိုင်ခွင့်နှင့် စာရေးသားခွင့်များ ပိတ်ပင်တားဆီးခံခဲ့ရသည်။

NLD အဖွဲ့ချုပ်တွင် လူငယ်စာဖတ်ဝိုင်းများ၊ စာပေပြိုင်ပွဲများ၊ နံရံကပ်စာစောင်များ၊ စာပေဟောပြောပွဲများ စသည့် စာပေပိုင်းဆိုင်ရာများတွင် ဦးဆောင်ပါဝင် လှုပ်ရှားနေသည်ကိုလည်း သိရသည်။

ကျွန်တော်တို့ စာပေသမားထဲမှ နိုင်ငံရေးလောကထဲသို့ ထဲထဲဝင်ဝင် ရောက်သွားသည့်အတွက် သူ့ကို လေးစားမိသည်။

၁၉၉၇ ခုနှစ်လောက်တွင် ကဗျာဆရာ၊ အယ်ဒီတာ၊ နိုင်ငံရေးသမား တစ်ယောက်အနေနှင့် ပထမအကြိမ် ထောင်ဒဏ် နှစ်နှစ်ခွဲ ကျသွားကြောင်းနှင့် ၂၀၀၀ ခုနှစ်တွင် ဒုတိယအကြိမ် ထောင်ဒဏ် ၂၁ နှစ် ကျခံခဲ့ရကြောင်း ကြားသိခဲ့ရသည်။ ထိုအချိန်က သူနှင့် မုံရွာအောင်ရှင်တို့ ဖြစ်သည်။ ကျွန်တော်တို့ ကဗျာဆရာအသိုင်းအဝိုင်းမှ ထောင်ကျခံ နိုင်ငံရေးသမားများအတွက် လေးစားဂုဏ်ယူမိသည်။

၂၀၀၅ ခုနှစ်တွင် သူ ထောင်မှ လွတ်မြောက်လာပြီးနောက် ၂၀၀၈ ခုနှစ်တွင် ဟံသာဝတီဦးဝင်းတင်လည်း ထောင်မှ လွတ်လာသည်။

၂၀၀၉–၂၀၁၀ နှစ်ကာလများတွင် NLD ရုံးတွင် သူနှင့် ဦးဝင်းတင် တို့၏ အတူသွားလာလှုပ်ရှားမှုများကို ခပ်စိပ်စိပ်တွေ့ရသည်။ စာပေအခမ်းအနားပွဲများ၊ နိုင်ငံရေးအခမ်းအနားပွဲများ၊ NLD မြို့နယ်ရုံး၊ ရပ်ကျေးရုံးဖွင့်ပွဲအခမ်းအနားများတွင် မကြာမကြာ တွေ့နေရသည်။

တစ်နေ့ သူနှင့်ကျွန်တော် စာပေအခမ်းအနားတစ်ခုတွင် တွေ့ရာ

mgyoe.com

mgyoe.com



သူ့ကို ဘာကြောင့် နိုင်ငံရေးထဲ ဝင်ရောက်ရသလဲလို့ မေးရာ သူက "ကျုပ်က နိုင်ငံရေးသမား မဟုတ်ဘူးဗျ၊ ကဗျာသမား။ ဒါပေမဲ့ ၈၈ အရေးအခင်းမှာ တွေ့မြင်ခံစားလာခဲ့ရတဲ့ စစ်အာဏာရှင်တွေရဲ့ ရက်စက်ယုတ်မာမှု၊ မတရားမှုတွေက ကျုပ်ကို နိုင်ငံရေးထဲရောက်အောင် သိမ်းသွင်းလိုက်တာပဲ။ ကျောင်းသားလူငယ်တွေကို မတရားသတ်ဖြတ်ဖမ်းဆီးတယ်၊ ရဟန်းသံဃာပြည်သူတွေကိုလည်း မတရား ရိုက်နှက်ဖမ်းဆီးတယ်။ လက်နက်အားကိုးနဲ့ အနိုင်ကျင့်တယ်။ အဲဒါတွေကို နာကြည်းစက်ဆုပ်လို့ စစ်အာဏာရှင်ကို ဆန့်ကျင်တိုက်ပွဲဝင်တဲ့ NLD ပါတီထဲကို ဝင်ခဲ့တာပဲ"

ကျွန်တော်က ဆက်ပြီး NLD ကို ဘာကြောင့်ကြိုက်တာလဲလို့ မေးတော့ သူက "အဲဒီတုန်းက ဦးအောင်ကြီး၊ ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦး၊ ခေါင်းဆောင်တွေကို အားကိုးတယ်။ သူတို့ပဲ စစ်အာဏာရှင်တွေကို ဖြုတ်ချနိုင်မယ်လို့ ယုံကြည်တယ်။ ပြီးတော့ စာရေးဆရာတွေဖြစ်ကြတဲ့ စာရေးဆရာ မောင်သော်က၊ ဟံသာဝတီ ဦးဝင်းတင်၊ ဦးဝင်းခက်၊ မောင်ဝံသ၊ မောင်ကိုယု၊ မောင်မိုးသူ၊ မောင်ခက်ပန်၊ မျိုးမြင့်ညိမ်း၊ မသီတာ (စမ်းချောင်း)၊ မောင်စူးစမ်း (ဦးအေးချမ်း)၊ မျှားနီ၊ မုံရွာဦးတင်ရွှေ၊ ရှေ့နေအောင်စိုးဦး၊ မြတ်လှိုင်၊ အောင်စိုးသူ စတဲ့ စာရေးဆရာတွေကိုလည်း ယုံကြည်တယ်။ ပိုပြီး သဘောကျတာကတော့ ၂၆–၈–၈၈ နေ့က ရွှေတိဂုံအနောက်မုခ်မှာ လူထုတရားပွဲ ဟောပြောသွားတဲ့ ဗိုလ်ချုပ်အောင်ဆန်းသမီး ဒေါ်အောင်ဆန်းစုကြည်ကိုပဲ။ သူ့ကို ဒီတရားပွဲမှာ ပထမဆုံးမြင်ဖူးလိုက်ကတည်းက သူ့ရဲ့ အမူအရာ၊ စကားပြောဆိုပုံ၊ အယူအဆ၊ စိတ်ဓာတ်သတ္တိတွေ အားလုံးဟာ ကျွန်တော့်အတွက် နိုင်ငံရေးသန္ဓေမျိုးစေ့ကို စိုက်ပျိုးလိုက်တာပဲ"

အဲဒီတုန်းက ကိုအောင်မြင့်ရဲ့ စကားတွေကို ကြားယောင်မိနေပါသည်။ တကယ်လည်း ကိုအောင်မြင့်ဟာ နိုင်ငံရေးလောကထဲ ရောက်သွားပြီး သူများလို အပေါ်ယံ စိတ်ပေါင်းကိုယ်ခွာမဟုတ်ဘဲ စိတ်ရော ကိုယ်ပါ ထဲထဲဝင်ဝင် လုပ်ကိုင်ခဲ့တာ တွေ့ရပါသည်။

ပထမအကြိမ် ၁၉၉၇ ခုနှစ်မှာ အဖမ်းခံရပြီး ထောင်ဒဏ် နှစ်နှစ်ခွဲ ကျတာ သိရပါတယ်။ နောက် ဒုတိယအကြိမ် ၂၀၀၀ ခုနှစ်မှာ ၂၁ နှစ် ထောင်ဒဏ်ကျခံခဲ့ရကြောင်း သိရပါသည်။

mgyoe.com

mgyoe.com



ကျွန်တော် ဒီကတည်းက သူ့ကို နိုင်ငံရေးယုံကြည်ချက်စိတ်ဓာတ် ပြင်းထန်သူ၊ ခေါင်းမာသူဟု ယူဆခဲ့သည်။ ကျွန်တော်တို့ စာပေရဲဘော်ထဲက ပထမ ဟံသာဝတီဦးဝင်းတင်၊ နောက် သူနှင့် မုံရွာအောင်ရှင်တို့ကို ကျွန်တော် အလေးထားခဲ့သည်။ တချို့စာပေသမားတွေက ထောင်ကျပြီး လွတ်လာတာနှင့် ပါတီနှင့်ကင်းကွာပြီး နိုင်ငံရေးဆက်မလုပ်ကြတာတွေလည်း တွေ့ရပါသည်။ သူတို့တွေကတော့ သမနိရှည်ကြာ သူတို့ရဲ့ ဘဝနှင့် ယုံကြည်ချက်ကို ပါတီထဲမှာပင် မြှုပ်နှံထားကြသည်။

လူတင် အဖမ်းခံ၊ ချုပ်နှောင်ခံရသည်မဟုတ်ဘဲ သူတို့၏ကလောင်လက်များကိုလည်း နှစ်ပေါင်းများစွာ ရိုက်ချိုးခံထားရသည်။ သမ္မတဦးသိန်းစိန်အစိုးရလက်ထက် ၂၀၁၂ ခုနှစ်ကျမှ စာရေးသားခွင့် ပြန်ရခဲ့တာတွေ့ရသည်။

ကိုအောင်မြင့်ဟာ ထောင်ကျ၊ ပြန်လွတ်၊ နိုင်ငံရေးပြန်လုပ်၊ ထောင်ကျ၊ ပြန်လွတ်၊ နိုင်ငံရေးပြန်လုပ်နှင့် နှစ်ပေါင်း ၃၀ နီးပါးခန့် နိုင်ငံရေးလောကထဲတွင် ကျင်လည်နေရှာသည်။

ပေးဆပ်ခဲ့ရတာတွေလည်း များသည်။ ကိုယ့်စရိတ်ကိုယ်စား နိုင်ငံရေးလုပ်၊ စုဆောင်းထားလေးတွေလည်း ကုန်၊ ဒီကြားထဲ အဖမ်းခံ ထောင်ကျတော့ ဇနီးဖြစ်သူလည်း အလုပ်ပြုတ်(အငြိမ်းစားပေးခံရ)၊ ပင်စင်လစာလည်းပြုတ်၊ သားသမီးများ အလုပ်မှာလည်း အထိခိုက်ခံခဲ့ရသည်။

ကိုအောင်မြင့်ဟာ စာရေးခွင့် နှစ်ပေါင်းများစွာ ၁၅ နှစ်ခန့် တားဆီးပိတ်ပင်ခံနေရသော်လည်း အခြားကလောင်နာမည်ဝှက်များနှင့် ပြင်ပသတင်းမီဒီယာများတွင် မောင်သြနာမည်နှင့်လည်းကောင်း၊ ပြည်တွင်း စာနယ်ဇင်းများတွင် သြရ၊ ဇေယျ၊ ရိုးဝေးထက်၊ မောင်ကြိုးကြာ၊ ဖျာပုံမောင်ဆွေယဉ်၊ ကိုဂြိုး စသည့် ကလောင်နာမည်များနှင့်လည်းကောင်း ကဗျာ၊ ဆောင်းပါးများ ရေးခဲ့သည်ဟုလည်း သိရပါသည်။

သူနှင့် ကျွန်တော်မှာ တစ်ရုံးတည်းအတူလုပ်လာခဲ့သော ဝန်ထမ်းသူငယ်ချင်းများဖြစ်ကြသလို သူ့မိသားစုနှင့်လည်း ခင်မင်ရင်းနှီးပါသည်။ သူလုပ်ကိုင်နေသော မဂ္ဂဇင်းများတွင် ကျွန်တော့်ဆောင်းပါးများကို တောင်းယူသုံးပေးလေ့ရှိပါသည်။

mgyoe.com

mgyoe.com



နောက်ဆုံး သူဒီလိုင်းစာစောင် (NLD ပါတီက ထုတ်ဝေသော) တွင် အယ်ဒီတာတာဝန်ဖြင့် ရှိစဉ်ကလည်း ကျွန်တော့်စာမူများကို အပတ်စဉ် သုံးပေးလေ့ရှိပါသည်။ မှတ်မိသေးသည်၊ သူက ကျွန်တော့်ထံ စာမူတောင်းခံရာတွင် ဒီနေ့ နိုင်ငံရေးနှင့်ပတ်သက်ပြီး နဝတ၊ နအဖတို့၏ ပြုလုပ်ဆောင်ရွက်ခဲ့သော မတရားမှုများအပေါ် သုံးသပ်ဝေဖန်မှုများ ရေးပေးရန်ကိုသာ တောင်းဆိုသည်။

ဒီတုန်းက ဒီလိုင်းစာစောင်တွင် ဦးဝင်းတင်ကလည်း ခေါင်းကြီးပိုင်းနှင့် ဆောင်းပါးများဖြင့်လည်းကောင်း၊ ဝင်းထွဋ်ဇော် (ယခု အမျိုးသားလွှတ်တော်ကိုယ်စားလှယ်)၊ ထင်လင်းဦးနှင့် ကျွန်တော်တို့ကလည်း စစ်အာဏာရှင်လုပ်ရပ်များကို ရသည့်နေရာက ထုတ်ဖော်ထိုးနှက်ခဲ့သည်။ ဒီလိုင်းဆောင်းပါးများနှင့် ကဗျာများ၊ ကာတွန်းများမှာ အာဏာရှင်ကို သရော်လှောင်ပြောင်ထိုးနှက်ထားသည်က များသည်ကို တွေ့ရသည်။ စာစောင် စောင်ရေမှာ တစ်သိန်းနှစ်သောင်းရှိသည်ဟု သိရသည်။ မြန်မာပြည်ရဲ့ စာနယ်ဇင်းလောကမှာ စောင်ရေအများဆုံး ရောင်းရသော စာစောင်အဖြစ် သိရသည်။ ကိုအောင်မြင့်မှာ ဒီလိုင်းတာဝန်ခံအယ်ဒီတာအဖြစ် ဒီလိုင်းကို မွေးထုတ်ပေးသူ ဟံသာဝတီဦးဝင်းတင်၏ယုံကြည်ချက်ကို ရဲရဲရင့်ရင့်၊ ပြတ်ပြတ်သားသား ဆောင်ရွက်နိုင်ခဲ့သူဖြစ်သည်။

၂၀၁၅ ခုနှစ်လောက်က ထင်သည်။ ဒီလိုင်းစာစောင်တာဝန်ခံအယ်ဒီတာမှ အတိုင်ပင်ခံအယ်ဒီတာအဖြစ်သို့ ပြောင်းသွားသည်ကို တွေ့လိုက်ရသည်။ ကျွန်တော် သူနှင့်တွေ့၍ ဘယ်လိုဖြစ်တာလဲဟု မေးကြည့်ရာ သူက “လက်ရှိလုပ်နေတဲ့ ဒီလိုင်းစာစောင်ရဲ့ Trend ဦးတည်ချက်ပြောင်းလဲရေးကိစ္စပါ။ ကျွန်တော်က ဦးဝင်းတင် တည်ထောင်ခဲ့တဲ့ ဒီလိုင်းဖြစ်လို့ ဦးဝင်းတင်ယုံကြည်ချက်၊ ဦးတည်ချက်အတိုင်း သွားမယ်။ ဦးဝင်းတင်မရှိတော့တဲ့နောက်ပိုင်း ဦးဝင်းတင်ရဲ့ Trend ကို ဆက်လက် စောင့်ထိန်းရမယ်လို့ တင်ပြတယ်။ တာဝန်ရှိတဲ့ အထက်ကသူတွေက ဦးဝင်းတင် မရှိတော့ဘူး၊ Trend ပြောင်းမယ် ပြောလာတယ်။ နောက်ဆုံးတော့ ကျွန်တော့်ရဲ့ ယုံကြည်ချက်ဟာ သူတို့ရဲ့ အသစ်ပြောင်းလဲလိုက်တဲ့ Trend အောက်မှာ ငြိမ်ခံနေလိုက်ရတယ်။ နောက် ဒီလိုင်းကို Trend အသစ်နဲ့ ထုတ်တယ်။

mgyoe.com

mgyoe.com



ကျွန်တော် တာဝန်ခံအယ်ဒီတာမှ အတိုင်ပင်ခံအယ်ဒီတာအဆင့် လျှော့ချခံခဲ့ရတယ်။ လေးငါးလကြာတော့ အတိုင်ပင်ခံအယ်ဒီတာဘဝကနေ အဖြုတ်ခံခဲ့ရတယ်။ အဲဒီကတည်းက ကျွန်တော် ဒီလိုင်းနဲ့ ဝေးခဲ့ရတယ်။ ခုထိပဲပေါ့ဗျာ"

ကျွန်တော် ကိုအောင်မြင့်စကားကြောင့် စိတ်မကောင်းခဲ့ပါ။ ဘာပဲဖြစ်ဖြစ် သူ အခုတလော သတင်းစာတွေမှာ သူ့ကဗျာတွေရော၊ သူ့ ဆောင်းပါးတွေပါ အတော်ကလေး ရေးလာတာ တွေ့ရလို့ ဝမ်းသာပါသည်။ အခုလည်း စံတော်ချိန်သတင်းစာထဲမှာပါတဲ့ ဆောင်းပါးတွေကို စာအုပ်ပြန်ထုတ်မယ်ဆိုတော့ ဝမ်းသာရပါသည်။

သူနှင့် ဆရာဦးဝင်းတင်တို့ရဲ့ နိုင်ငံရေးလှုပ်ရှားမှုအကြောင်းတွေပါ။ ကဗျာဆရာနှင့် သတင်းစာဆရာနှစ်ဦးတို့ရဲ့ နိုင်ငံရေးသံမဏိစိတ်ဓာတ်နဲ့ နိုင်ငံရေးခံယူချက်တွေကိုတော့ သူ့စာအုပ်ထဲမှာ တစ်ကွက်စ၊ နှစ်ကွက်စ မြင်တွေ့နေရပါတယ်။ ဆရာဦးဝင်းတင် နိုင်ငံရေးယုံကြည်ချက် ခိုင်မာသလို သူ့ကိုလည်း ဒီအတိုင်းပဲ တွေ့ရပါသည်။

မည်သို့ဆိုစေ သူနှင့် ဦးဝင်းတင်တို့ရဲ့ တစ်လှေတည်းစီး၊ တစ်ခရီးတည်းသွား နိုင်ငံရေးခရီးစဉ်မှာတော့ စစ်အာဏာရှင်ဆန့်ကျင်ရေးနဲ့ မြန်မာပြည်မှာ ဘယ်တော့မှ စစ်အာဏာရှင်မပေါ်ပေါက်ရေးစိတ်ဓာတ်ကိုတော့ အသိအမှတ်ပြု လေးစားမိပါသည်။ ။

ထက်မြက်

၁၅-၁၁-၂၀၁၉

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com



## မှတ်တိုင် (သို့မဟုတ်) တန်ဖိုး

ဟံသာဝတီဟာ
အာဇာနည်တို့ရဲ့
ရာဇဝင်သမိုင်း။

ဦးဝင်းတင်ဟာ
သူ့ရဲကောင်းတို့ရဲ့
မဟာတံတိုင်း။ ။

[ ဆရာ ဟံသာဝတီဦးဝင်းတင်သို့ ]
၂၈–၁–၂၀၁၉၊ စံတော်ချိန်။

mgyoe.com

mgyoe.com


## သံမဏိသူရဲကောင်း သတင်းစာဆရာ

အင်းစိန် နရသိန်တောရမှာ
အနှစ် ၂၀ လောက်
တောရဆောက်တည်ခဲ့တယ် ...

သွားတွေ ရိုက်ချိုးခံရလို့
သွားမရှိတဲ့ ပါးစပ်နဲ့
ထမင်းကို သွားဖုံးနဲ့ ဝါးစားခဲ့ရတယ် ...

မွေးရာပါ ဖွားဖက်တော်
ငယ်သူငယ်ချင်းကလည်း
သီချင်းမဆိုနိုင် သာခွေယိုင်ဖြစ်လို့
လူညွန့်တုံးခဲ့ပေါ့ ...

ရုပ်ပစ္စည်းတွေ
ယုတ်လျော့ ဆုံးရှုံးသွားပေမယ့်
စိတ်ဓာတ်ကတော့
မီးကျိုးခဲထဲက သံချောင်းလို
ရဲရဲနီလို့ မာန်ပြင်းလို့ပေါ့ ...

mgyoe.com

mgyoe.com



ထောင်ထဲမှာ အပြာ
အပြင်မှာ အပြာ
ထောင်ထဲမှာ ဒီစိတ်ဓာတ်
အပြင်မှာ ဒီစိတ်ဓာတ်
ထောင်ထဲမှာ ငုံ့မခံ
အပြင်မှာ ငုံ့မခံ
တို့နိုင်ငံမှာ သူလိုလူ
ပြည်သူတွေက ဦးညွှတ်တဲ့
မဟာသူရဲကောင်း သတင်းစာဆရာ ...

၂၀၁၄၊ ဧပြီ ၂၃ ရက်နေ့ ညနေမှာ
ရေဝေးက ကြေးစည်သံ
လမ်းမ လမ်းဘေး သောသောညံ
တစ်နိုင်ငံလုံး ပွက်ပွက်ထန်
အဲဒါ ... ပြည်သူ့ထံက ဆန္ဒအသံ
ပြည်သူချစ်တဲ့ ခေါင်းဆောင်အမှန်
'မတရားတဲ့ အမိန့်အာဏာဟူသမျှ
တာဝန်အရ ဖီဆန်ကြ' ဆိုတဲ့
သံမဏိသူရဲကောင်း သတင်းစာဆရာကြီးရဲ့ သြဝါဒ
ကျွန်တော်တို့အားလုံး လေးစားကြ
ကျွန်တော်တို့အားလုံး မမေ့ကြ
ကျွန်တော်တို့အားလုံး လိုက်နာကြ။ ။

[ ၂၁-၄-၂၀၁၅ နေ့၊ ဟံသာဝတီ သတင်းစာဆရာကြီး
ဦးဝင်းတင် ကွယ်လွန်ခြင်း တစ်နှစ်ပြည့် အမှတ်တရ ]
ပြည်သူ့ခေတ်ဂျာနယ်။

mgyoe.com

mgyoe.com


## မဟာသူရဲကောင်း သတင်းစာဆရာ

ထောင်ထဲမှာ ကျား
အပြင်မှာ ကျား
စွမ်းအားကောင်းသည့် မြန်မာပြည်သား။

ထောင်ထဲမှာ ခွပ်ဒေါင်း
အပြင်မှာ ခွပ်ဒေါင်း
အားကောင်းမောင်းသန် ကြဲ့ကြဲ့ခံ။

ထောင်ထဲမှာ ဒီစိတ်
အပြင်မှာ ဒီစိတ်
အမျိုးသားရေး ချစ်တဲ့စိတ်။

ထောင်ထဲမှာ ဒီနှလုံးသား
အပြင်မှာ ဒီနှလုံးသား
ဒီမိုကရေစီရဲ့ ဘက်တော်သား။

ထောင်ထဲမှာ ဒီဝတ်စုံ
အပြင်မှာ ဒီဝတ်စုံ
လူ့အခွင့်အရေး နိမိတ်ပုံ။

ထောင်ထဲမှာ ဒီစကား
အပြင်မှာ ဒီစကား
ပြည်သူ့အတွက် သစ္စာတရား။

mgyoe.com

mgyoe.com



အနှစ် ၂၀ မျှ
အကျဉ်းကျခံ၊ အုတ်နံ့ရုံထဲ
ဆင်းရဲမွန်းကျပ်၊ နေခဲ့လတ်လည်း
စိတ်ဓာတ်ခိုင်ကျည်၊ ရဲရဲနီလျက်
အုတ်စီသံတိုင်၊ အနိုင်မခံ
အရှုံးမပေး၊ သတ္တိသွေးကို
လေးစားပါသည်၊ တို့ယုံကြည်
အို ... ပြည်သူချစ်သော သတင်းစာဆရာ။

သင်၏ နှလုံးသားမှ
အင်န်အယ်လ်ဒီကို ဝန်းရံ
ဒေါ်အောင်ဆန်းစုကြည်ကို ဝန်းရံ
လွှတ်တော်ကို ဝန်းရံ
ရုံသုံးရုံသည် အမှန်တရား
တို့နှလုံးသားကို
နိုးကြားတပ်လှန့်လိုက်ပါပြီ။

**'မတရားသည့် အမိန့်အာဏာဟူသမျှ**
**တာဝန်အရ ဖီဆန်ကြ'**
သင်၏စကား၊ သစ္စာတရားကို
အားလုံး ငါတို့၊ လိုက်နာဖို့
စည်းလုံးညီညွတ်ရှိကြစို့။ ။

[ ၂၃-၉-၂၀၀၈ တွင် လွတ်မြောက်လာသော
သတင်းစာဆရာကြီး ဟံသာဝတီ ဦးဝင်းတင်သို့ ... ]

mgyoe.com

mgyoe.com


## အာဏာရှင်ထောင်နှင့် ဟံသာဝတီဦးဝင်းတင်

အာဏာရှင်လက်ဝါး
ကြမ်းသလား မမေးနဲ့
'သွား' ကျိုးအောင် စွမ်းပ။

အာဏာရှင်လက်သီး
ပြင်းသလား မမေးနဲ့
'မေးရိုး' ကွဲအောင် ကြမ်းပ။

အာဏာရှင်ပါးစပ်
ညစ်ပတ်သလား မမေးနဲ့
'မအေ နှမ' ရှိတာကုန်။

အာဏာရှင်ခြေထောက်
မာသလား မမေးနဲ့
'နံရိုး' ကျိုးအောင် စွမ်းပ။

အာဏာရှင်မျက်စောင်း
ပူသလား မမေးနဲ့
အကြောင်းသုံးပါးမရွေး
ပြာကျသွားမယ်။

mgyoe.com

mgyoe.com



အာဏာရှင်အမိန့်
ရက်စက်သလား မမေးနဲ့
ဖိန့်ဖိန့်တုန်အောင် ကြောက်စေမယ်။

အာဏာရှင်ထမင်း
ကြမ်းသလား မမေးနဲ့
ကျောက်ခဲက အဖေခေါ်ရလောက်တယ်။

အာဏာရှင်ထောင်
သံလှောင်ခန်းကျဉ်း၊ တင်းကျမ်း ကြမ်းပိုး (ဂျပိုး)
ရှထိုးလောက်တက်၊ နံ့သက် ညှဉ်းဆိုး
သေးအိုး၊ ချေးအိုး၊ ကိုယ့်အိုး ကိုယ်ယူကြ
သွန်ရ ဆေးရ၊ နိစ္စဓူဝ
နံနက်တိုင်း နှာခေါင်းရှုံ့ရ။

နှစ်ပေါင်းများစွာ၊ နေခဲ့ပါလည်း
အာဏာရှင်ထောင်၊ အရောင်မပြောင်း
သွေးချောင်းစီးရ၊ နှိပ်စက်ကြနှင့်
အမိုက်ကမ်းကုန်၊ ရက်စက်ကြဲ့ရ
လူ့ဘုံငရဲခန်း ဒါလားဟော့။ ။

[ ဟံသာဝတီ ဦးဝင်းတင်ရဲ့ 'ဘာလဲဟဲ့ လူ့ငရဲ'
ဖတ်ပြီး ခံစားမှု၊ ၂–၅–၂၀၁၀ ]

mgyoe.com

mgyoe.com


## တိုက်ပွဲပျော် မဟာ သတင်းစာဆရာ

ဒီမိုကရေစီရေးအတွက်
လူ့အခွင့်အရေးအတွက်
ရှေ့တန်းစစ်မျက်နှာရဲ့ သတင်းစာတပ်ဦးမှာ
သင်ဟာ ကြီးမြတ်တဲ့
မဟာ သတင်းစာဆရာ သူရဲကောင်းပါ ...။

အမျိုးသားလွတ်မြောက်ရေးအတွက်
တိုက်ပွဲခေါ်သံ တော်လှန်ရေးမျက်နှာစာဖွင့်
ခြေလှမ်းသစ် ချီတက်ရာမှာလည်း
သင်ဟာ ရဲရင့်တည်ကြည်တဲ့
တကယ့် သံမဏိလူသားပါ ...။

mgyoe.com

mgyoe.com


အရှေ့တောင်အာရှ
မြန်မာနိုင်ငံဖွား၊ မြေလတ်သား
စာ ... ဓား တဝင့်ဝင့်
စာ ... တရား တလွင့်လွင့်နှင့်
ဖိနှိပ်သူ အာဏာရှင်ကုပ်ပိုး
ခုတ်မဟဲ့ ... ထိုးမဟဲ့ ... ချိုးမဟဲ့
ငုံ့မခံ တုံ့ပြန် မာန်ပါပါ ထွားခဲ့ပ
ပြည်သူ့သတင်းစာဆရာ ... ကြွေလွင့်သွားတာ
မြန်မာတစ်နိုင်ငံလုံးအတွက်
မြန်မာပြည်သူတွေ အားလုံးအတွက်
ဆုံးရှုံးမှုအတိုင်းအတာ
ဘယ်အရာနှင့်မျှ နှိုင်းယှဉ်မရ
သမိုင်းကမ္ပည်း တင်ခဲ့ရပါပြီ ...။
သင်ကြွေခဲ့ပေမဲ့ သင့်စာတွေဟာ
အာဏာရှင်တွေရဲ့ မျက်နှာ ... ငရဲမီးပက်ခံရသလို ...
အာဏာရှင်တွေရဲ့ အသည်း ... အူနုကျွဲခတ်ခံရသလို ...
အာဏာရှင်တွေရဲ့ ရင်ထဲ ... မီးကျီးခဲလောင်မြိုက်ခံရသလို ...
အာဏာရှင်တွေရဲ့ ခြေလက် ... ရိုက်ချိုးဖျက်ခံရသလို ...
ခံစားနေရတာ သေချာတယ်။

mgyoe.com

mgyoe.com


သင့်စာတွေဟာ
ကမ္ဘာမြေအနှံ့၊ မြန်မာပြည်အနှံ့
မိုးကောင်းကင်အနှံ့၊ စီးပျံ့အကုန်
မာန်ဟုန်တင်းတင်း၊ မုန်တိုင်းပြင်းသို့
ဝင်းလက်စူးရှ တောက်ပဝင့်ကြွား
တို့ပြည်သူတွေကြားမှာ မားမားမတ်မတ်
ထာဝရ ရပ်တည်နေမယ်ဆိုတာ
ဧပြီ ၂၃ ရက် ၂၀၁၄ နေ့က
သက်သေပြခဲ့ပါပြီ။

ကလောင်မာန်ဟုန်
ခြိမ့်ခြိမ့်တုန်၍၊ ရှက်ကုန်ဖွင့်ပြင်
တိုက်ပွဲဝင်သည်
အသင်သူရဲကောင်း ပီလေစွ။ ။

(၂၁–၄–၂၀၁၄ နေ့တွင် ကွေလွင့်ခဲ့သော ဆရာကြီး ဟံသာဝတီဦးဝင်းတင်ကို ဂုဏ်ပြု ဦးညွှတ်လျက်)

ဒီလှိုင်းစာစောင်၊
အတွဲ(၃)၊ အမှတ်(၁၇)။

mgyoe.com

mgyoe.com





## မိမိ၊ ဟံသာဝတီ ဦးဝင်းတင်နှင့် နိုင်ငံရေးခရီး (၁)

**66**

ကျွန်တော့်အမြင်အယူအဆကတော့
ဆရာဦးဝင်းတင်၏ ရဲရင့်ပြတ်သားသော
ပြည်ပအင်တာဗျူးမှ စကားလုံးများသည်
နဝတ၊ နအဖ၏ အရှိက်ကိုလည်းကောင်း၊
အသည်းနှလုံးကို လည်းကောင်း ပြင်းထန်စွာထိုးနှက်လိုက်ပြီး
တဖုတ်ဖုတ်နှင့် ငြိမ်သက်စွာဖြစ်နေသော NLD အဖွဲ့ချုပ်ကိုလည်း
ပြန်လည်၍ အသက်သွင်းပေးကာ
ရဲဆေး၊ ရဲမာန် တိုက်ကျွေးလိုက်ပြီဟု ထင်မြင်မိပါသည်။

**99**

mgyoe.com

mgyoe.com


၁၉၈၄ ခုနှစ်လောက်က ဆရာကြီး ဟံသာဝတီ ဦးဝင်းတင်ကို ဆရာပါရဂူ (ကွယ်လွန်) မှ တစ်ဆင့် သိကျွမ်း ခင်မင်ခွင့် ရခဲ့ပါသည်။ ဆရာနေထိုင်သော လမ်းမတော်မြို့နယ်ရှိ လမ်းသစ်ရိပ်သာ တိုက်ခန်းသို့ ဆရာပါရဂူ (ကွယ်လွန်)၊ ဆရာမြသန်းတင့် (ကွယ်လွန်)၊ ဆရာလင်းယုန်မောင်မောင် (ကွယ်လွန်) တို့နှင့်အတူ မကြာခဏ ရောက်ခဲ့ပါသည်။ ထိုနည်းအတူ ကျွန်တော့်အိမ်သို့လည်း ဆရာနှင့်အတူ ဆရာပါရဂူ၊ ဆရာလင်းယုန်မောင်မောင်တို့လည်း လာရောက်လည်ပတ်ခဲ့ဖူးကြပါသည်။

ထိုစဉ်က ကျွန်တော်သည် ပေဖူးလွှာမဂ္ဂဇင်းတွင် အမှုဆောင်အယ်ဒီတာအဖြစ် ဆောင်ရွက်နေပါသည်။ မဂ္ဂဇင်းတွင် ကျွန်တော် တာဝန်ယူထားရသော 'စာပေစကားဝိုင်း' ကဏ္ဍအတွက် ဆရာဦးဝင်းတင်နှင့် ဆရာကြီး မင်းယုဝေနှစ်ယောက်တို့ကို ခရီးသွားစာပေအကြောင်း စကားဝိုင်းပြောပေးရန် ကမ်းလှမ်းခဲ့ရာ အဆင်ပြေခဲ့ပါသည်။

၁၉၈၅ ခုနှစ်၊ မေလထုတ် ပေဖူးလွှာမဂ္ဂဇင်းတွင် ဆရာကြီးနှစ်ဦးတို့၏ ခရီးသွားစာပေအကြောင်း စာပေစကားဝိုင်း ဖော်ပြခွင့် ရခဲ့ပါသည်။ စာပေစကားဝိုင်းနာမည်မှာ ပေဖူးလွှာမဂ္ဂဇင်းမှ မွေးထုတ်ပေးလိုက်သော



ဆရာကြီးဦးဝင်းတင်နှင့် စာရေးသူ NLD ရုံးဖွင့်ပွဲအခမ်းအနားတွင် အမှတ်တရ။

mgyoe.com

mgyoe.com


မူလနာမည်ဖြစ်ပါသည်။ ယနေ့ TV သတင်း Reader Channel တွင် ဖော်ပြနေသော စာပေစကားဝိုင်းကို မြင်ရတော့ ကျွန်တော် အတော့်ကို အံ့သြမိပါသည်။ နာမည်က တူနေတာကိုး။ ထားပါတော့။ စကားဝိုင်းရဲ့ အနှစ်သာရကသာ အရေးကြီးပါသည်။

ဆရာနှင့် စာပေလောကတွင် သိရှိပြီးနောက် ၁၉၈၈ ဒီမိုကရေစီ လူထုအရေးတော်ပုံ ကျောင်းသားလူထုလှုပ်ရှားမှု၌ ဆရာတို့ ဖွဲ့စည်းသော စာရေးဆရာသမဂ္ဂအသင်းတွင် လက်မှတ်ရေးထိုးပါဝင်ခဲ့ပါသည်။

၁၉၈၈ ခုနှစ်၊ စက်တင်ဘာ ၂၇ ရက်တွင် ဖွဲ့စည်းခဲ့သော NLD အဖွဲ့ချုပ်တွင် ဆရာသည် ဗဟိုအလုပ်အမှုဆောင်ကော်မတီဖြင့် ပါဝင်ခဲ့သလို ကျွန်တော်လည်း ၁၉၈၈ ခုနှစ်၊ အောက်တိုဘာလတွင် ဗဟန်းမြို့နယ်မှ NLD အဖွဲ့ဝင် စုဆောင်းရေး တာဝန်ဖြင့် ပါဝင်လှုပ်ရှားခွင့်ကို ဒေါ်အောင်ဆန်းစုကြည်က တာဝန်ပေး၍ ဆောင်ရွက်နေခဲ့ပါသည်။

ဆရာသည် ၁၉၈၉ ခုနှစ်၊ ဇူလိုင် ၄ ရက်တွင် မတရား ဖမ်းဆီးခံခဲ့ရပြီး အင်းစိန်ထောင်၌ နှစ်ရှည်ထောင်ဒဏ်များ ကျခံနေရစဉ် ၁၉၉၇ ခုနှစ်၊ မတ်လတွင် ကျွန်တော်လည်း ထောင်ဒဏ် နှစ်နှစ်ခွဲနှင့် အင်းစိန်အကျဉ်းထောင်တွင်းသို့ ရောက်ခဲ့ပါသည်။ အင်းစိန်ထောင်တွင်းဆေးရုံတွင် ဆေးခန်းသွားပြချိန်များ၌ ဆရာနှင့် မကြာမကြာတွေ့ရပါသည်။ အစောင့်များ အလစ်တွင် စကားတစ်ခွန်း၊ နှစ်ခွန်းစလောက်သာ ခိုးကြောင် ခိုးဝှက် စကားပြောခွင့်ရပါသည်။ ထိုအချိန်က နိုင်ငံရေးအကျဉ်းသားများအပေါ် အလွန်စည်းကမ်းတင်းကျပ်သော အချိန်ဖြစ်ပါသည်။ ဆရာက ကျန်းမာရေး ဂရုစိုက်ရန်နှင့် လေ့ကျင့်ခန်းမှန်မှန်လုပ်ရန် အမြဲပြောပါသည်။

၁၉၉၈ ခုနှစ်၊ နိုဝင်ဘာလတွင် ကျွန်တော် လွတ်လာပြီး NLD ၌ မိမိ၏ မူလတာဝန်ဖြစ်သော ဗဟန်းမြို့နယ် ဥက္ကဋ္ဌတာဝန်ကို ပြန်လည် တာဝန်ယူ ဆောင်ရွက်ခဲ့ပါသည်။

၂၀၀၀ ပြည့်နှစ် ဩဂုတ်လတွင် NLD အတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦး၊ သခင်စိုးမြင့် (ကွယ်လွန်)၊ ဒေါက်တာမျိုးအောင် (ယခု၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ)တို့ ဒလ၊ ကွမ်းခြံကုန်းခရီးစဉ်တွင် အတားအဆီးခံရပါသည်။ လမ်းခရီးအထွက် တစ်ပတ်ခန့် ပိတ်ပင်တား

mgyoe.com

mgyoe.com


ဆီးခြင်းခံနေသဖြင့် စားရေး၊ သောက်ရေး၊ နေထိုင်ရေးကို ဒလဘက်ကမ်းမှ NLD အဖွဲ့ဝင်များက ကူညီကြပါသည်။

အဖွဲ့ချုပ်ရုံးကလည်း မြို့နယ်ပေါင်းစုံက လာပေးကြသော အစားအသောက်၊ ရေသန့်၊ ဆေးလိပ်၊ မုန့်များကအစ စုဆောင်းပြီး သခင်အုန်းမြင့်(ကွယ်လွန်)၊ ဦးထင်ကျော် (သမ္မတဟောင်း)၊ ကျွန်တော်နှင့် လူငယ်များက ဦးထင်ကျော်ကားနှင့် သယ်ယူကာ ပန်းဆိုးတန်းဆိပ်ကမ်းမှ စက်တပ်သမ္ပန်များဖြင့် ပို့ဆောင်ပေးခဲ့ကြပါသည်။

ထို့နောက် NLD ဗဟိုအလုပ်အမှုဆောင်များမှာ အိမ်တွင် အကျယ်ချုပ် ခံထားရပြီး အဖွဲ့ချုပ်ရုံးလည်း ချိပ်ပိတ်ခံထားရပါသည်။ ကျွန်တော် (ဗဟန်းဥက္ကဋ္ဌ)၊ မုံရွာအောင်ရှင် (စစ်ကိုင်းတိုင်း ဒု-ဥက္ကဋ္ဌ)၊ ဦးနိုင်းနိုင်း (ပုဇွန်တောင် လွှတ်တော်ကိုယ်စားလှယ် ၁၉၉၀ ပြည့်နှစ်)၊ ဦးစိုးဟန် (သန်လျင်မြို့နယ်၊ ဥက္ကဋ္ဌ)၊ ဦးထွန်းမြင့် (ဗဟိုရုံးအဖွဲ့မှူး)၊ ဦးစိန်ထွန်းကျော် (ဧရာဝတီတိုင်း ဒု-ဥက္ကဋ္ဌ) တို့က NLD ရုံး အမြန်ဆုံးပြန်ဖွင့်ပေးရန်၊ နေအိမ်အကျယ်ချုပ်မှ ခေါင်းဆောင်များအား အမြန်ဆုံးပြန်လွှတ်ပေးရန်နှင့် တိုင်းရင်းသားအဖွဲ့တို့ သုံးပွင့်ဆိုင် အမြန်ဆုံးတွေ့ဆုံဆွေးနွေးရန် စာတစ်စောင်ရေးပြီး နဝတဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပေးပို့ခဲ့ပါသည်။ ယင်းစာနှင့်ပတ်သက်ပြီး ဦးစိန်ထွန်းကျော်မှအပ ကျန်ငါးဦးတို့မှာ ပုဒ်မ ၅/ ည၊ ၁၇/၂၀ ဖြင့် ၂၀၀၀ ပြည့်နှစ်၊ ဒီဇင်ဘာလတွင် ထောင်ဒဏ် ၂၁ နှစ် ကျခံခဲ့ရပါသည်။

ထောင်ထဲရောက်တော့လည်း ဆရာကြီးဦးဝင်းတင်နှင့် ကျွန်တော် ပြင်ပဆေးရုံများသို့ ထွက်ကုသခွင့်၌ ပြန်လည်တွေ့ဆုံခဲ့ရပါသည်။ ထောင်ကားပေါ်တွင် လွတ်လပ်စွာ စကားပြောဆိုခွင့် ရသော်လည်း လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးနှင့် ကိုယ်ရေးကိုယ်တာကိစ္စများသာ ပြောဖြစ်ကြပါသည်။ ကျွန်တော် ပထမအကြိမ်ထောင်ကျပြီး သုံးလအကြာ၌ ကျွန်တော့်ဇနီးမှာ အစိုးရအလုပ်မှ ပင်စင်ပေး အလုပ်ဖြုတ်ခံခဲ့ရကြောင်း ပြောပြရာ ဆရာက စိတ်မကောင်းကြောင်း ပြောပါသည်။

နောက် ကျွန်တော့်သားကြီးမှာလည်း အစိုးရတာဝန် ထမ်းဆောင်နေတာ ရာထူးမတက်ဘဲ အမြဲ ဆိုင်းငံ့ခံထားရသည့်အကြောင်းနှင့် ရန်ကုန်

mgyoe.com

mgyoe.com


မှ ဝေးလံသည့် ရှမ်းပြည်နယ်မြောက်ပိုင်း၊ နမ္မတူမြို့သို့ အပို့ခံရကြောင်းပါ ပြောပြခဲ့ပါသည်။ ကျွန်တော် နိုင်ငံရေးလုပ်သည့် အကျိုးကျေးဇူးကား တစ်နှယ်ငင် တစ်စင်ပါ ဇနီးနှင့် သားသမီးများပါ ထိခိုက်ဆုံးရှုံးခဲ့ရသည်။

၂၀၀၅ ခုနှစ် လွတ်လပ်ရေးနေ့မတိုင်မီ ဇန်နဝါရီ ၃ ရက်တွင် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ကျွန်တော် လွတ်ငြိမ်းချမ်းသာခွင့်နှင့် လွတ်လာပါသည်။

မလွတ်မီ တစ်ပတ်လောက်သာ တာဝန်ရှိသူ အာဏာပိုင်များက ကျွန်တော့်အား 'အန်ကယ် အသက်လည်း ကြီးပါပြီ။ အေးအေးဆေးဆေး နားနေပါတော့။ နိုင်ငံရေး မလုပ်ပါနဲ့တော့' ဟု အကြံပေးသလိုလိုနှင့် လာဆွေးနွေးခဲ့ပါသည်။ ကျွန်တော်က 'ယုံကြည်ချက်ဆိုတာ သေကာမှ မာန်လျှော့မယ်။ နိုင်ငံရေးကတော့ ပြန်လုပ်မှာပဲ' ဟု ပြန်ပြောခဲ့သည်။

ပြောသည့်အတိုင်းပင် ဇန်နဝါရီ ၃ ရက်လွတ်ပြီး ၅ ရက်နေ့ အဖွဲ့ချုပ်ရုံး သွားပြီး Duty Report လုပ်ကာ မိမိ၏ မူလ ဥက္ကဋ္ဌတာဝန်ကို ပြန်လည်နေရာယူခဲ့ပါသည်။ ပါတီတာဝန်က ရှိသော်လည်း အလုပ်က မရှိ။ စီးပွားရေးကလည်း ပျက်၊ ယခင်ရနေသော ပင်စင်လစာကလည်း ဖြတ်တောက် ပိတ်ထားခံခဲ့ရတော့ ညပိုင်း ပုံနှိပ်တိုက်တွေမှာ နာမည်မခံဘဲ အယ်ဒီတာ အလုပ်ရှာရသည်။ နောက်တော့ အမေရိကန် Pen ကလပ်မှာ ရွှေကလောင်ဆုရသော ဒေါ်လာတစ်သောင်းကို အဖွဲ့ချုပ်က ထုတ်ပေးသဖြင့် အသက်ရှူချောင်ကာ စီးပွားရေးလုပ်ဖြစ်၍ မိသားစု၊ သား၊ သမီးများ အသက်ရှူချောင်ကာ အဆင်ပြေခဲ့ရသည်။

ဒီလိုနှင့် ၂၀၀၈ ခုနှစ်၊ စက်တင်ဘာ ၂၃ ရက်တွင် ဆရာ ဦးဝင်းတင် လွတ်လာသည်။ ဆရာဦးဝင်းတင် နေထိုင်ရာ အင်းစိန်အကျဉ်းထောင်ရှေ့ရှိ ပေါက်တောရပ်ကွက်နေ ဦးမောင်မောင်ခင်အိမ်သို့ သွားတွေ့သည်။ လူထု ဦးစိန်ဝင်း၊ မောင်မိုးသူ၊ မောင်ဝံသ၊ ဦးသာဘန်း၊ ဟန်ဂေရီ ဦးကိုကိုကြီး၊ လျှပ်တစ်ပြက် အယ်ဒီတာချုပ် ကိုမြတ်ခိုင်တို့အပြင် ပြည်တွင်း၊ ပြည်ပ နိုင်ငံခြားသတင်းထောက်များ၊ အခြားစာရေးဆရာများနှင့် နိုင်ငံရေးသမားများကို တွေ့နေရသည်။ DVB, BBC, RFA, VOA သတင်းထောက်များက အလုအယက်မေးနေကြသည်။ ဆရာက တစ်ဦးချင်းစီ တိုတိုမေး၊ တိုတို

mgyoe.com

mgyoe.com


ဖြေနေရသည်။ အဓိကကတော့ DVB မှ သတင်းထောက် ညိုသက်မာ (ယခင်က NLD လူငယ် ဝင်းပပ) နှင့် အင်္ဂလိပ်လို အင်တာဗျူးအရှည်ကြီး ပြောနေသည်ကို တွေ့ရသည်။

အတော်ကြာမှ စာပေဒေသသည်များ၊ နိုင်ငံရေး လုပ်ဖော်ကိုင်ဖက်များနှင့် စကားပြောခွင့်ရသည်။ ဆရာမောင်ဝံသနှင့် ဦးမောင်မောင်ခင်တို့က ဆရာပင်ပန်းနေပြီဖြစ်၍ ခဏတွေ့ကြပြီး အနားယူဖို့ တောင်းပန်ကြရသည်။

ကျွန်တော်တို့လည်း အလိုက်သိစွာနှင့် ဆရာ့အား လက်ဆွဲ နှုတ်ဆက်ပြီး နောက်နေ့မှ အေးအေးဆေးဆေးလာခဲ့ရန်ပြောပြီး ပြန်ခဲ့ကြသည်။ ဆရာကား ထောင်ပုဆိုး၊ ထောင်အင်္ကျီမချွတ်ဘဲ လက်ပြနှုတ်ဆက်ရင်း ပြုံးလျက် ကျန်ခဲ့ပါသည်။

ထိုနေ့က ဆရာနေသောအိမ်တွင် နိုင်ငံရေးသမားများ၊ စာနယ်ဇင်းသမားများ၊ ဆရာ့အား လေးစားချစ်ခင်ကြသောလူများ၊ ပရိသတ်များ ပျားပန်းခပ်မျှ စည်ကားစွာ ဝင်ထွက်သွားလာနေကြသည်ကို အံ့သြစွာ တွေ့နေရပါသည်။ သြော်... ပြည်သူချစ်သော နိုင်ငံရေးသမားကောင်းဟု ခံစားမိပါသည်။

နောက်နေ့တွင် အဖွဲ့ချုပ်ဥက္ကဋ္ဌ အန်ကယ်ဦးအောင်ရွှေနှင့် လူငယ်များ ရောက်လာကြောင်းနှင့် ဆရာ့အား အနားယူပြီးလျှင် ရုံးချုပ်သို့ လာရောက်ရန် ဖိတ်ကြားခဲ့ကြောင်း သိရပါသည်။

သို့သော် ဆရာဦးဝင်းတင်မှာ ချက်ချင်း ရုံးချုပ်သို့ မတက်ရောက်နိုင်သေး။ အိမ်တွင် ကျန်းမာရေး ဆေးစစ်၍ သောက်ဆေး၊ စားဆေးများဖြင့် အနားယူကာ အားမွေးနေရပါသည်။ အားလပ်သည့် အချိန်များတွင် နိုင်ငံခြား သတင်းဌာနများနှင့် တစ်ခုချင်းစီ အင်တာဗျူးများ လုပ်နေရသောကြောင့် ဖြစ်သည်။ ထိုအချိန်က အဖွဲ့ချုပ်ကြီးမှာ ဆိုင်းဘုတ်နှင့် အလံမပြုတ်ရုံတစ်မည်သာ တိတ်ဆိတ်ရပ်တည်နေရသည်။ ဘာမှ လှုပ်လှုပ်ရှားရှား မဆောင်ရွက်နိုင်ကြ။ ဆရာဦးဝင်းတင်၏ ပြည်ပသတင်းမီဒီယာများနှင့် အင်တာဗျူး အမေး၊ အဖြေများကလည်း ထိုအချိန်က ပြည်တွင်းရေဒီယိုများတွင်လည်းကောင်း၊ DVB ရုပ်မြင်သံကြားတွင်လည်းကောင်း အရှိန်အဟုန်ကြီးမားစွာ လွှင့်ထုတ်နေခဲ့ရာ အားလုံးသော ကျောင်းသား၊ ပြည်သူ

mgyoe.com

mgyoe.com


များနှင့် နိုင်ငံရေးသမားများ၊ NLD အဖွဲ့ဝင် လူငယ်များသည် စိတ်ဓာတ်တက်ကြွကာ ပါတီအတွင်းလှုပ်ရှားမှု၊ စည်းရုံးမှုများ ယခင်ကထက် ညီညွတ်မှု၊ ရဲရင့်မှု ရှိလာသည်ကို တွေ့ရပါသည်။ တိုင်းနှင့်ပြည်နယ်နှင့် မြို့နယ်အသီးသီးမှ အဖွဲ့ဝင်အင်အားများလည်း ပြန်လည်နိုးကြားတက်ကြွလှုပ်ရှားလာကြသည်ကို ကြားသိခဲ့ရပါသည်။

ကျွန်တော့်အမြင်အယူအဆကတော့ ဆရာဦးဝင်းတင်၏ ရဲရင့်ပြတ်သားသော ပြည်ပအင်တာဗျူးမှ စကားလုံးများသည် နဝတ၊ နအဖ၏ အရှိက်ကိုလည်းကောင်း၊ အသည်းနှလုံးကိုလည်းကောင်း ပြင်းထန်စွာ ထိုးနှက်လိုက်ပြီး တဖုတ်ဖုတ်နှင့် ငြိမ်သက်စွာဖြစ်နေသော NLD အဖွဲ့ချုပ်ကိုလည်း ပြန်လည်၍ အသက်သွင်းပေးကာ ရဲဆေးရဲမာန် တိုက်ကျွေးလိုက်ပြီဟု ထင်မြင်မိပါသည်။

ဆရာဦးဝင်းတင်၏အင်တာဗျူး နားထောင်ကြသော ပရိသတ်များထံမှလည်း 'ဒါမှ နိုင်ငံရေးသမား ပီသတာ။ ဒါမှ သူရဲကောင်းကွ' ဟု ချီးကျူးစကားများ ကြားမိနေပါသည်။

ထိုအချိန်က ဆရာဦးဝင်းတင်၏ အင်တာဗျူးများသည် မြန်မာပြည်အနှံ့ မြို့ပြမှ ကျေးရွာအဆုံး ကျယ်ပြန့်စွာထိုးဖောက်၍ တစ်တိုင်းပြည်လုံးသို့ လှည်းနေလှေအောင်း မြင်းဇောင်းမကျန် ဒီမိုကရေစီလှိုင်းသံများ၊ အာဏာရှင်ဖြုတ်ချရေး ဂယက်သံများ ကျယ်လောင်ပြင်းထန်စွာ မြည်ဟည်းတုန်ခါနေပါတော့သည်။ ။

၂၄–၁၂–၂၀၁၈ ၊ စံတော်ချိန်နေ့စဉ်။

mgyoe.com